# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 21 , 2025 Volume 93, Number 15


၂၁. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၃၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၇၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၈၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## လက်ရှိဘဏ္ဍာနှစ် ၄ လတာအတွင်း မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၂၅ သန်း ကျော်ရှိ



ယခုဘဏ္ဍာနှစ် ၄ လတာအတွင်း မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ ၄ လအတွင်း မြန်မာနိုင်ငံကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံ(FDI)ပမာဏ အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၆၉၉ သန်းဖိုးဝင်ရောက်ထားရာ တရုတ်နိုင်ငံက ကန်ဒေါ်လာ ၂၅ ဒသမ ၅၉၈ သန်းဖြင့် တတိယအများဆုံးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်းသိရပါတယ်။

အဆိုပါကာလအတွင်းမှာ စင်ကာပူနိုင်ငံက ရင်နှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၃၆ ဒသမ ၂၂၆ သန်းဖြင့် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံကကန်ဒေါ်လာ ၃၁ ဒသမ၅၈၉ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း သိရပါတယ်။

လက်ရှိဘဏ္ဍာနှစ် ၄ လတာအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခု ဝင်ရောက်ထားပြီး အဆိုပါလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၂၉၁ သန်းဖိုးရှိပြီး ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ မတည်ငွေရင်းတိုးမြှင့်တဲ့ ပမာဏကတော့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ၄၀၈ သန်းဖိုးရှိတယ်လို့ သိရပါတယ်။

ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၄ ခုအထိ အများဆုံးဝင်ရောက်ထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှာ လုပ်ငန်းသစ် ၁ ခုနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ လုပ်ငန်းသစ် ၁ ခု ဝင်ရောက်ထားကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ကန့်ဘလူမြို့နယ်၌ ခရမ်းသီးပင် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် တောင်သူများအနေဖြင့် ဆန်စပါးအပြင် နေ့စဉ် မိသားစုဝင်ငွေရရှိရေး စားဖိုဆောင်သီးနှံများ စိုက်ပျိုးရောင်းချလျက်ရှိရာ ကန့်ဘလူမြို့၊ အမှတ် ၂ ရပ်ကွက်တွင် ခရမ်းသီးပင်စိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်းကာ နေ့စဉ်ခူးဆွတ်ရောင်းချပြီး ဈေးကောင်းရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ခရမ်းသီးနှံစိုက်ပျိုးမည်ဆိုပါက မြေကိုကောင်းစွာပြုပြင်ပြီး ပျိုးသက် ၁ လသားအရွယ်တွင် မြေပြင် ထားသော စိုက်ခင်းထဲကို ပြောင်းရွှေ့စိုက်ပျိုးကြောင်း၊ ရေသွင်းရေထုတ် လွယ်ကူစေရန်အတွက် မြေဘောင်များပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် ၄-၅ ပေခြားစိုက်ပျိုးကာ အစိုဓာတ်မပြတ်စေရန်ရေသွင်းပေးရကြောင်း လိုအပ်တဲ့အချိန်တွင် အာမိုမြေဩဇာ၊ အပင်အားတိုးဆေးနှင့် ပိုးသတ်ဆေးများဖျန်းပေးရကြောင်း၊စတင်ခူးဆွတ်ချိန်တွင် တစ်ရက်ခြားခူးဆွတ်ရပြီး အသီးလှိုင်ချိန်တွင် နေ့စဉ်ခူးဆွတ် ရောင်းချရကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကန့်ဘလူမြို့မဈေးတွင် ခရမ်းသီး ၅၀ ကျပ်သားလျှင် ၁၀၀၀ ကျပ်၊ ခရမ်းသီးတစ်ပိဿာလျှင် ၁၅၀၀ မှ ၂၀၀၀ ကျပ်ဖြင့်ရောင်းချရပြီး မိသားစုဝင်ငွေရရှိနေကြောင်း၊ တစ်နိုင်တစ်ပိုင် ခရမ်းပင်စိုက်ပျိုးထားသည့် တောင်သူတစ်ဦးထံက သိရသည်။

**Source :DOCA(စစ်ကိုင်း)**

**https://www.doca.gov.mm/**

## တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေ

တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းဈေးကွက်အတွင်းမှာ အရောင်းအဝယ်ဖြစ်နေကြောင်း လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်အရောင်းဆိုင်အချို့ထံက သိရပါတယ်။



ပြည်တွင်းဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များနှင့်လျှပ်စစ်သုံး(သုံးဘီး) မော်တော်ဆိုင်ကယ်များပုံမှန်တင်သွင်းလျက်ရှိရာ ဈေးကွက်အတွင်းမှာလည်း ပုံမှန်အရောင်းအဝယ်ရှိနေခြင်းဖြစ်တယ်လို့ သိရပါတယ်။

"ပြည်တွင်းမှာ အရောင်းအဝယ်ဖြစ်နေတာကတော့ တရုတ်နိုင်ငံထုတ် EV ဆိုင်ကယ်တွေပါပဲ။ အားလုံးက လိုင်စင်ပါပြီးသားတွေပါ။ ကိုယ်သုံးနိုင်တဲ့ ငွေပမာဏပေါ်မူတည်ပြီး ရွေးချယ်ဝယ်ကြတာ။ အမျိုးအစားအလိုက်အရောင်းအဝယ်ကတော့ ပုံမှန်ရှိပါတယ်"လို့ ပဲခူးမြို့ရှိ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်အရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။

လက်ရှိဈေးကွက်အတွင်း၌ တရုတ်နိုင်ငံထုတ် WUYANG HONDA ၊ YADEA ၊ KENBO အစရှိသည့် လျှပ်စစ်သုံး ၂ဘီး၊ ၃ဘီး ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းများမှာလည်း အမျိုးအစားပေါ်မူတည်ပြီး ကျပ် သိန်း ၃၀ ဝန်းကျင်ကနေ သိန်း ၅၀ ကျော်အထိပေါက်ဈေးရှိကြောင်း သိရပါတယ်။

အဆိုပါတရုတ်နိုင်ငံထုတ်လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များကို အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် ပြည်တွင်းသို့ပုံမှန်တင်သွင်းနေခြင်း ဖြစ်ကြောင်း သိရပါတယ်။

ထို့အတူ တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများကိုလည်း ပြည်တွင်းသို့ ပုံမှန်တင်သွင်းလျက်ရှိကြောင်း သက်ဆိုင်ရာရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မုံရွာမြို့ အသားငါးဈေးကွက်အခြေအနေ

ဩဂုတ်လ ဒုတိယပတ်အတွင်း မုံရွာမြို့၊ ကန်သာယာဈေး၌ ရောင်းဝယ်နေသော အသား/ငါး ဈေးနှုန်းများမှာ အမဲသား တစ်ပိဿာ ၃၄,၀၀၀ ကျပ်၊ ဝက်သား တစ်ပိဿာ ၃၈,၀၀၀ ကျပ်၊ ဆိတ်သားတစ်ပိဿာ ၄၄,၀၀၀ ကျပ်၊ကြက်သား CP (အကောင်လုံး)တစ်ပိဿာ ၂၀,၀၀၀ ကျပ်၊ ကြက်သား (ဗမာ) တစ်ပိဿာ ၂၈,၀၀၀ ကျပ်၊ ဟိုက်ကြက် တစ်ပိဿာ ၂၇,၀၀၀ ကျပ်၊ ငါးကြင်းနီ တစ်ပိဿာ ၂၂၀၀၀ ကျပ်၊ ဟင်းငန်ငါးတစ်ပိဿာ ၂၅,၀၀၀ ကျပ်၊ တီလားဗီးယား တစ်ပိဿာ ၂၀,၀၀၀ ကျပ်၊ ငါးမုတ် တစ်ပိဿာ ၁၈,၀၀၀ ကျပ်၊ ငါးမြင်း တစ်ပိဿာ ၂၀,၀၀၀ ကျပ်၊ ငါးဖယ်အသားခြစ် တစ်ပိဿာ ၃၈,၀၀၀ ကျပ်၊ ပုစွန် တစ်ပိဿာ ၄၅,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်လဈေးနှုန်းနှင့်နှိုင်းယှဉ်ပါကဆိတ်သားတစ်ပိဿာလျှင် ၄၀၀၀ ကျပ်၊ ကြက်သား (ဗမာ) တစ်ပိဿာလျှင် ၁၀၀၀ ကျပ် ခန့်မြင့်တက်ခဲ့ပြီး အမဲသား၊ ဝက်သား၊ ကြက်သား CP စသည့်ဈေးနှုန်းတို့မှာ ဈေးငြိမ်၍ တီလားဗီးယား၊ ငါးမုတ်၊ ငါးမြင်း၊ ငါးဖယ်ခြစ်၊ ဟင်းငန်စသည့် ငါးအမျိုးမျိုးတို့သည်လည်း ယခင်လဈေးအတိုင်း အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## အခြားဒေသထွက် ဖရဲသီးများ ကရင်ဈေးကွက်သို့ ဝင်ရောက်



၂၀၂၅ ခုနှစ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့သို့ အခြားဒေသထွက် ဖရဲသီးများဈေးကွက်ဝင်ရောက်လျက်ရှိကြောင်းနှင့် ဒုံးပျံဖရဲသီးအမျိုးအစားဖြစ်ကြောင်းသိရ သည်။

ဖရဲသီးအလုံးရေ ၅၀၀၀ – ၆၀၀၀ ၁၂ ဘီးကားတစ်စီးလျှင် ၁၂ သိန်းကျပ် ကုန်ကျစရိတ် ရှိကြောင်းနှင့် ဖရဲသီးကို ထွက်ရှိရာဒေသများ၌ အခင်းဖြတ်စနစ်ဖြင့် ဝယ်ယူ၍သယ်ယူပို့ဆောင်ခ လုပ်သားခ အခြားကုန်ကျစရိတ်များ ထပ်ပေါင်းကာ အကြီးအသေးသောင်းပြောင်း ၂၀၀၀ ခန့်ကျသင့်ကြောင်း ဖောက်သည်ဈေးအနေဖြင့် အကြီးအသေး ၄၅၀၀ ကျပ်တို့ဖြင့် ဖြန့်ဖြူးကြောင်း၊ပယ်သီးနှင့် အလေအလွင့် ၅ ရာခိုင်နှုန်းခန့် ထွက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ဈေးများတွင် ဖရဲသီးဈေးနှုန်းမှာ အကြီး ၁လုံးလျှင် ၅၀၀၀ ကျပ်၊ အလတ် ၁လုံးလျှင် ၃၀၀၀-၄၀၀၀ ကျပ်နှင့် အသေး ၁လုံးလျှင် ၁၅၀၀-၂၅၀၀ ကျပ်နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source : DOCA(ကရင်)**

https://www.doca.gov.mm/

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုတင်ပြလာသည့် ဆန်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့် ကောက်ခံရန်ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့တွင် အရေးတကြီးဆွေးနွေးလျက်ရှိ

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုတင်ပြလာသည့်ဆန်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံသွားရန်နှင့် ဆန်တင်သွင်းမှုအားယာယီရပ်ဆိုင်းသွားရန်ကိစ္စတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့တွင် အရေးတကြီးဆွေးနွေးသွားမည်ဖြစ်ကြောင်း ၄-၈-၂၀၂၅ ရက်နေ့က သမ္မတနန်းတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

ပြည်တွင်းရှိဆန်တောင်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်စေရန်အလို့ငှာ ဆန်တင်သွင်းမှုကို ယာယီရပ်ဆိုင်းသွားရန်နှင့် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထားအား တိုးမြှင့်သွားရန်ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြံပြုတင်ပြလာပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးတကြီးဆွေးနွေးရမည့်ကိစ္စရပ်သတ်မှတ်ပြီး သမ္မတမားကို့စ်ဂျူနီယာ၏ အိန္ဒိယနိုင်ငံသို့ ၄-၈-၂၀၂၅ မှ ၈-၈-၂၀၂၅ ရက်နေ့ထိ သွားရောက်လျက်ရှိသည့် နိုင်ငံတော် ခရီးစဉ်အတွင်း သီးသန့်အစည်းအဝေးတစ်ခုအနေဖြင့် သမ္မတမားကို့စ်ဂျူနီယာနှင့်ပြည်ထောင်စုအစိုးရအဖွဲ့အကြား ဆွေးနွေးသွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်းသမ္မတမားကို့စ်နှင့်အတူပြည်ထောင်စုအစိုးရအဖွဲ့အဖွဲ့ဝင်အချို့လည်းလိုက်ပါသွားကြောင်းဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီးက အောက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံဆန်တင်သွင်းမှုအပေါ် လက်ရှိကောက်ခံလျက်ရှိသည့် အခွန်နှုန်း ၁၅ ရာခိုင်နှုန်း မှ ၃၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက် ခံသွားရန် ပြီးခဲ့သည့်ဇွန်လက အကြံပြုတင်ပြခဲ့ကြောင်း၊ ထို့ပြင် ပြည်တွင်းရှိဆန်တောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်တွင်းဆန် ဈေးကွက်တို့ကို အကာအကွယ်ပေးနိုင်စေရေး စပါးထွက်ရှိမည့်ရာသီများဖြစ်သော စက်တင်ဘာလနှောင်းပိုင်းတွင် ဇီယက်နမ်မှဆန်တင်သွင်းမှု၊ ဒီဇင်ဘာလတွင် ပါကစ္စတန်မှ ဆန်တင်သွင်းမှုတို့ကို ယာယီရပ်ဆိုင်းသွားရန်ကိုလည်း တင်ပြခဲ့သည်။

ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ၁၅ ရာခိုင်နှုန်းသို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လက လျှော့ချပေးခဲ့ခြင်းဖြစ်ပြီး Food Inflation နှုန်းကျဆင်းစေရန်နှင့် ဆန်လက်လီဈေးနှုန်းများ လျော့ကျစေရန်အတွက်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**Source:** https://pco.gov.ph/news_releases/pbbm-cabinet-to-discuss-proposed-tariff-hike-on-rice-imports/

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံသည် ပထမနှစ်ဝက်တွင် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ မော်တော်ယာဉ်များ တင်သွင်း



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ပထမခြောက်လအတွင်း ကန်ဒေါ်လာ ၁,၁၄၈ သန်း တန်ဖိုးရှိ မော်တော်ယာဉ်များတင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလက ကန်ဒေါ်လာ ၇၆၉ သန်းထက် ၄၉ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘောဒီးယား အကောက်ခွန်နှင့် ကုန်စည်စီးဆင်းမှု ဦးစီးဌာန (GDCE) ၏ အစီရင်ခံစာအရ သိရသည်။

တင်သွင်းမှုတွင် မိသားစုကားများ၊ ထရပ်ကားများ၊ ဘတ်စကားများနှင့် မော်တော်ကားဆက်စပ်ပစ္စည်းများ ပါဝင်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

မိသားစုသုံးကားများ တင်သွင်းမှုပမာဏသည် ဒေါ်လာ ၄၈၇ သန်းရှိပြီး ယမန်နှစ်အလားတူကာလက ကန်ဒေါ်လာ ၂၉၂ သန်းမှ ၆၆ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(CDC) ၏ ဥက္ကဋ္ဌ-၁ Sun Chanthol က ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်နှစ်ခုလုံးအတွက် မော်တော်ယာဉ် အစိတ်အပိုင်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်ရေးတို့အတွက် အဓိကအချက်အချာကျသည့် နေရာတစ်ခုအဖြစ် အသွင်ပြောင်းရန် ရည်မှန်းထားကြောင်း ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်တွင် အဆိုပါကဏ္ဍတွင် ခန့်မှန်းခြေအားဖြင့် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၇၄၆ သန်းကို ရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိတွင် Ford၊ Toyota၊ Hyundai နှင့် Isuzu အပါအဝင် မော်တော်ယာဉ်တပ်ဆင်သည့် စက်ရုံများစွာရှိသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ဂျပန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၌ စားသောက်ကုန် ၁,၀၁၀ မျိုး၏ ကုန်ဈေးနှုန်းများမြင့်တက်လာမည်

ဂျပန်နိုင်ငံတွင် စားသောက်ကုန်နှင့်အဖျော်ယမကာထုတ်လုပ်သည့် လုပ်ငန်းကြီး ၁၉၅ ခုအနေဖြင့် ၎င်းတို့ကုမ္ပဏီများမှ ထုတ်လုပ်သည့်စားသောက်ကုန် ၁,၀၁၀ မျိုး ၏ကုန်ဈေးနှုန်းများကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် ဈေးနှုန်းတိုးမြှင့် ရောင်းချသွားမည်ဖြစ်ကြောင်း Teikoku Databank Ltd. ၏စစ်တမ်းကောက်ယူချက်အစီရင်ခံစာတွင်ဖော်ပြထားကြောင်း ၃၁-၇-၂၀၂၅ ရက်နေ့ထုတ် The Japan News သတင်း စာတွင် “1,010 food and beverage prices to rise in Japan in August” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၌ စားသောက်ကုန်နှင့်အဖျော်ယမကာထုတ်လုပ်သူများအနေဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ကုန်ဈေးနှုန်းများကို ၁ ဒသမ ၅ ဆတိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံတွင် စားသောက်ကုန်ဈေးနှုန်းများမှာ ၈ လဆက်တိုက်မြင့်တက်လျက်ရှိကြောင်း ဖော်ပြထားသည်။

နွားနို့နှင့်ဒိန်ချဉ်အပါအဝင် နို့ထွက်ပစ္စည်းများ၏ဈေးနှုန်းများမှာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် သိသိသာသာ မြင့်တက်လာမည်ဖြစ်ကြောင်း၊ နို့ထွက်ပစ္စည်းရောင်းချသည့် Megmilk Snow Brand Co. အနေဖြင့် ကုမ္ပဏီမှထုတ်လုပ်သည့်ကုန်စည် ၅၉ မျိုး၏ဈေးနှုန်းများကို တိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် Oishii Gyunyu အမှတ်တံဆိပ်ထုတ်ကုန်အသစ်များကို ၂ ဒသမ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၄ ရာခိုင်နှုန်းအထိတိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Morinaga Milk Industry Co. အနေဖြင့် ကုမ္ပဏီမှထုတ်လုပ်သည့် နွားနို့ဘူးများနှင့် Bifidus အမှတ်တံဆိပ်ဒိန်ချဉ်များအပါအဝင် ကုန်စည် ၅၃ မျိုး၏ဈေးနှုန်းများကို တိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် ၂၀၂၅ ဘဏ္ဍာနှစ်၊ လက်ရှိအချိန်အထိ စားသောက်ကုန် ၁၉,၄၁၆ မျိုး၏ ကုန်စည်ဈေးနှုန်းများမြင့်တက်ခဲ့ပြီးဖြစ်ကြောင်းနှင့်ယခုဘဏ္ဍာနှစ်ကုန်တွင် ကုန်စည်ဈေးနှုန်းမြင့်တက်ခဲ့သည့်ကုန်စည် အရေအတွက်မှာ ၂၀၀,၀၀၀ ကျော်အထိရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ၂ နှစ်တာအတွင်း အများဆုံးဖြစ်လာမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ကုန်စည်အမျိုးအစား ၃,၀၀၀ ကျော်၏ ဈေးနှုန်းများ မြင့်တက်လာနိုင်မည်ဖြစ်ကြောင်းနှင့် ဧပြီလမှစတင်၍ ၆ လတာအတွင်း အရေအတွက်အများဆုံး မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source : သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

https://myantrade.gov.mm/

# STOCK EXCHANGE (21.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Aug. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,394 (Shares) | 12,776,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,300 | 7,200 | 817 | 5,884,400 | 33,109,694 | 238,390 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 520 | 1,589,500 | 38,929,150 | 120,680 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 9 | 69,300 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 5 | 10,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 851 | 2,212,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 551 | 921,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,250 | 3,400 | 3,250 | 71 | 236,350 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 570 | 1,852,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Aug. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.90 | +0.00 | +0.00% | 358.87 | 360.85 | 358.04 | 3,394 | 12,776,350 | 8 | 678,846 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Aug. 2025

| Trading Volume | Trading Value |
|---|---|
| 4,094 (Shares) | 14,771,350 (MMK) |

## Main Board

As of 1:00 pm, 21st Aug. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,394 (Shares) | 12,776,350 (MMK) |

| MYANPIX | 359.90 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,394 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,846 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |